# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ရုံးအမှတ် (၄၆)၊ နေပြည်တော်

Ministry of Planning and Finance
Internal Revenue Department

Internal Revenue Department Internal Revenue Department Internal Revenue Department Revenue Department Internal Revenue Department Internal Revenue Department Internal Department
DIRECTOR- 067-430070, Deputy Director- 067-430072, Office- 067-430073, Fax- 067 – 430075, G-mail: dmd.ird46@gmail.com , dmd.ird@e-mopf.gov.mm


အမိန့်ကြော်ငြာစာအမှတ်၊ ၁၅၁ /၂၀၂၃
နေပြည်တော်၊ ၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
( ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၅ ရက် )

**အခွန်ပေးဆောင်ခြင်း (Payment) လုပ်ငန်းစဉ်အတွက် ပုံစံများထပ်မံသတ်မှတ်ပြင်ဆင်ထုတ်ပြန်ခြင်း**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၈၆၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ၊ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ အထူးကုန်စည်ခွန်ဥပဒေနှင့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေတို့အရ အခွန်ပေးဆောင်ခြင်းဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာတွင် အသုံးပြုရမည့်ပုံစံများအား ၂၃-၃-၂၀၂၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်-၆၉/၂၀၂၂ ဖြင့် သတ်မှတ်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ရသင့်ရထိုက်သောအခွန်ငွေများ အပြည့်အဝကောက်ခံရရှိရန်အတွက် လိုအပ်သောပုံစံများကို ဤအမိန့်ကြော်ငြာစာဖြင့် ထပ်မံသတ်မှတ်ထုတ်ပြန်လိုက်သည်-

| စဉ် | အကြောင်းအရာ | ပုံစံအမှတ် | မှတ်ချက် |
|---|---|---|---|
| ၁ | အခွန်အမျိုးအစားအားလုံးအတွက် ငွေသွင်းချလန် | ပတခ(ဝင)-၀၂-၀၁<br>ပတခ(ကသခ)-၀၂-၀၁<br>ပတခ(အထခ)-၀၂-၀၁ | ပြင်ဆင် |
| ၂ | ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် ငွေသွင်းချလန် | ပတခ(ဝင)-၀၂-၀၁(ဂ) | ဖြည့်စွက် |
| ၃ | ဝင်ငွေခွန်ကြိုတင်ပေးသွင်းသည့် ငွေသွင်းချလန် (ပြည်ပနေနိုင်ငံသား) | ပတခ(ဝင)-၀၂-၀၁(ဃ) | အသစ် |
| ၄ | အခွန်ပေးသွင်းမှုအထောက်အထား (CBM NET) (ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်) | ပတခ(ဝင)-၀၂-၀၂(ခ) | ပြင်ဆင်<br>ဖြည့်စွက် |
| ၅ | အခွန်ပေးသွင်းမှုအထောက်အထား(MPU) (ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်) | ပတခ(ဝင)-၀၂-၀၃(ခ) | ပြင်ဆင်<br>ဖြည့်စွက် |
| ၆ | အကောက်ခွန်ဦးစီးဌာန၏ နှောင်းစာရင်းစစ်ဆေးမှုအရ ပေါ်ပေါက်လာသည့် အခွန်ငွေများပေးဆောင်ရန် အကြောင်းကြားစာ | ပတခ(ဝင)-၀၂-၁၃<br>ပတခ(ကသခ)-၀၂-၁၃<br>ပတခ(အထခ)-၀၂-၁၃ | အသစ် |

၃။ အခွန်ပေးဆောင်ခြင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် ပြည်တွင်းအခွန်များဦးစီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်-၆၉/၂၀၂၂ နှင့်သတ်မှတ်ထားပြီးသောပုံစံများတွင် ဤအမိန့်ကြော်ငြာစာဖြင့် ပြင်ဆင်/ဖြည့်စွက်ထားသော ပုံစံများနှင့် အသစ်သတ်မှတ်သောပုံစံများအား ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့် နေ့မှစ၍ အသုံးပြုဆောင်ရွက်သွားရမည်။

(မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၁(၁) / ဥစ-၁ / ပတခ / ၂၀၂၃ (၇၇၄၅)
ရက် စွဲ ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်

ဖြန့်ဝေခြင်း

ပြည်ထောင်စုဝန်ကြီးရုံး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံစာရင်းကောင်စီ
အခွန်အယူခံခုံအဖွဲ့
ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်။
ဒုတိယညွှန်ကြားရေးမှူးချုပ်အားလုံး၊ ပြည်တွင်းအခွန်များဦးစီးဌာန
ဌာနခွဲညွှန်ကြားရေးမှူးအားလုံး၊ ပြည်တွင်းအခွန်များဦးစီးဌာန
ဌာနမှူးများ၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး(၁၊ ၂)
ဌာနမှူးများအားလုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁၊ ၂၊ ၃၊ ၄၊ ၅)
တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးအားလုံး
ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး
} သက်ဆိုင်ရာ အခွန်ထမ်းများကို အသိပေးရှင်းလင်းရန် ညွှန်ကြားပါသည်။
ပြန်ကြားရေးအဖွဲ့ } ပြည်တွင်းအခွန်များဦးစီးဌာန၏ Website တွင် လွှင့်တင်ရန် ညွှန်ကြားပါသည်။
မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း
မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
မိတ္တူကို
ရုံးလက်ခံ၊ မျှောစာတွဲ